## အထွေထွေဌာနခွဲ

## (၁၉၅၄ ခုနှစ်၊ ရေနံ (တိုင်းရင်းသားရေနံချက်ဖိုကလေးများ) နည်းဥပဒေများ။)

## အမှတ် ၇

## ရန်ကုန်မြို့၊ ၁၃၁၆ ခု၊ တော်သလင်းလဆန်း ၉ ရက်။

## (၁၉၅၄ ခု၊ စက်တဘာ်လ ၆ ရက်။)

အမှတ် ၇။ ။ ရေနံအက်ဥပဒေ(The Petroleum Act) ပုဒ်မ ၄ နှင့်ပုဒ်မ ၅ အရအပ်နှင်းထား သည့် အာဏာများကို သုံးစွဲလျက်၊ နိုင်ငံတော်သမတသည်၊ အောက်ပါနည်းဥပဒေများကို ပြဋ္ဌာန်းလိုက်သည်။

### ၁၉၅၄ ခုနှစ်၊ ရေနံ (တိုင်းရင်းသားရေနံချက်ဖိုကလေးများ) နည်းဥပဒေများ။

၁။ ။ (၁) ဤနည်းဥပဒေများကို၊ ၁၉၅၄ ခုနှစ်၊ ရေနံ (တိုင်းရင်းသားရေနံချက်ဖိုကလေးများ) နည်းဥပဒေ များဟုခေါ်ရမည်။

(၂) ဤနည်းဥပဒေများသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားရေနံချက် ဖိုကလေးများနှင့် သက်ဆိုင်စေရမည်။

၂။ ။ ဤနည်းဥပဒေများအလို့ငှါ-

(က) “တိုင်းရင်းသား ရေနံချက်ဖိုကလေး” ဆိုသည်မှာ ၂၄ နာရီတွင် ရေနံစိမ်းဂါလံတထောင်ထက်ပို၍ ချက်လုပ်ခြင်းမပြုနိုင်သော ချက်ဖိုကို ဆိုလိုသည်။

(ခ) “ဓါတ်ဆီ” ဆိုသည်မှာ၊ အပူချိန်ဒီဂရီ ၆၀ တွင် (Specific gravity) အလေးချိန် ၀.၇၅၀၀ ထက် မပိုသောဓါတ်ဆီကို ဆိုလိုသည်။ သို့ရာတွင် (Flashing Point 76 ) မီးစွဲငြိသည့် အရှိန်ဒီဂရီ ၇၆ အောက်တွင်သာလျှင် ဖြစ်ရမည်။

(ဂ) “ရေနံဆီ” ဆိုသည်မှာ၊ အပူချိန်ဒီဂရီ ၆၀ တွင် (Specific gravity) ၀.၇၅၁၀ မှ ၀.၈၂၀၀ အထိ အလေးချိန်ရှိသော ရေနံဆီကို ဆိုလိုသည်။

၃။ ။ (၁) တိုင်းရင်းသားရေနံချက်ဖိုကလေးလိုင်စင်အတွက် အောက်ပါအချက်များပါရှိသောလျှောက်လွှာ ကို သက်ဆိုင်ရာခရိုင်ဝန်မှ တဆင့် ရေနံဝန်ထံသို့တင်သွင်းရမည်။

(က) ရေနံချက်ဖို၏ အစိတ်အပိုင်းတို့ကို ပုံစံဖြင့် အသေးစိတ်ဖေါ်ပြ၍ ၎င်းတည်နေရာဒေသ၏မြေပုံ။

(ခ) လျှောက်ထားသူ၏ အမည်၊ အဘ၏အမည်၊ လျှောက်ထားသူ၏ နေရပ်။

(ဂ) ရေနံချက်ဖို၌ ၂၄ နာရီတွင် ချက်နိုင်သည့် ရေနံစိမ်းဂါလံပေါင်း။

(၂) လျှောက်လွှာတွင် ပါရှိသည့်အချက်များကို ရေနံဝန်၊ သို့တည်းမဟုတ် ၎င်းကလွှဲအပ်သော အရာရှိက စစ်ဆေးပြီးလျှင် မိမိ၏ထောက်ခံချက်နှင့်တကွ၊ မြန်မာနိုင်ငံတော်ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း စစ်ဆေးရေးအရာရှိချုပ်ထံသို့ ပေးပို့ရမည်။ အဆိုပါအရာရှိက လျှောက်လွှာနှင့်အတူပါရှိသော ရေနံချက်ဖို ၏ ပုံစံကိုစီစစ်ပြီးလျှင် မိမိ၏သဘောတူညီချက်ကို ရေးသား၍ ရေနံဝန်ထံလိုင်စင်ထုတ်ပေးရန် ပေးပို့ရ မည်။

Myanmar Law Information System (MLIS)

၄။ ။ ရေနံဝန်သည်၊ လိုင်စင်ကို အောက်ပါပုံစံအတိုင်း ထုတ်ပေးရမည်။ ၎င်းလိုင်စင်၏ကျောဘက်၌ အောက်ဖော်ပြပါစည်းကမ်းချက်များပါရှိရမည်။

**တိုင်းရင်းသားရေနံချက် ဖိုကလေးလိုင်စင်။**

______________________မြို့။

______________________ရုံးတော်။

နေ့စွဲ ________________________

__________မြို့၊ ___________ရပ်နေ __________၏သား၊ မောင်___________ အား၊ ______________________ရပ်ရှိ၎င်း၏ ရေနံချက်ဖိုအတည်အထားအစီအစဉ်ကို ပူးတွဲပါပုံစံအရ၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းစစ်ဆေးရေးအရာရှိချုပ်၏ သဘောတူညီချက်ဖြင့် ၎င်း၏ရေနံချက် ဖိုတွင် ____________ နှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ရေနံချက်လုပ်နိုင်ရန် လိုင်စင်ထုတ်ပေး လိုက်သည်။

ရေနံဝန်၊

___________မြို့။

**လိုင်စင်၏ကျောဘက်တွင်ပါရှိရမည့် ရေနံချက်ဖိုပိုင်ရှင်များ လိုက်နာရန်စည်းကမ်းချက်များ။**

(၁) လိုင်စင်သည်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ကုန်ဆုံးသဖြင့်၊ ၎င်းရက်မတိုင်မီ တလတင်ကြို၍ နောက် လာမည့်နှစ်အတွက် တနှစ်တကြိမ် အသစ်လဲလှယ်ရမည်။

(၂) ရေနံချက်ဖိုများ၏ အတည်အထားပုံစံကို အသစ်ပြုပြင်ပြောင်းလဲလိုသော် ရေနံဝန်မှတဆင့် မြန်မာ နိုင်ငံတော် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းစစ်ဆေးရေးအရာရှိချုပ်ထံသို့ လျှောက်ထားရမည်။ ၎င်း၏အမိန့်မရဘဲ ပြုပြင်ပြောင်းလဲခြင်းမပြုရ။

(၃) လိုင်စင်ကိုပူးတွဲပါပုံစံ၊ မြေပုံတို့နှင့်တကွ ရေနံချက်ဖိုတည်ရှိရာဝင်းအတွင်း လူမြင်သာသောနေရာ တွင် အမြဲထားရှိရမည်။

(၄) ရေနံချက်ဖိုသည်၊ လူနေအိမ်နှင့်အနည်းဆုံး ပေ၅၀၀ ဝေးကွာရမည်။ မြူနီစီပါယ်နယ်နိမိတ်အတွင်း၌ တည်ရှိက သက်ဆိုင်ရာမြူနီစီပါယ်၏ သဘောတူညီချက်ကို ရယူရမည်။

(၅) ရေနံချက်ဖိုနယ်နိမိတ် ပတ်လည်တွင် ခိုင်ခံ့လုံခြုံသော ဝင်းထရံခတ်ထားရမည်။

(၆) ရေနံချက်ဖိုမှ ထွက်သော ဓါတ်ဆီ၊ သို့တည်းမဟုတ် ရေနံဆီပေါ်တွင်အကောက်တော် ပေးဆောင်ပြီး သောလက်မှတ်များကို ရေနံချက်ဖိုတွင် အမြဲထားရှိရမည်။ အုပ်ချုပ်ရေးအရာရှိဖြစ်စေ၊ ရေနံချက်ဖို စစ်ဆေးရေးအရာရှိဖြစ်စေ လာရောက်စစ်ဆေးသောအခါ ထိုအကောက်တော်ပေးဆောင်သော လက်မှတ် တို့ကို ပြနိုင်ရမည်။

(၇) ရေနံချက်ဖိုတည်ရှိရာ နယ်နိမိတ်အတွင်းတွင် ရေနံ၊ ရေနံဆီ၊ ဓါတ်ဆီများ သိုလှောင်ရာနေရာသည် ပတ်ဝန်းကျင်မြေထက် အနည်းဆုံး ၁ ပေနက်အောင် တူးထားသောကျင်းဖြစ်ရမည်။

Myanmar Law Information System (MLIS)

(၈) ရေနံချက်ဖိုတွင် နေ့စဉ်ရေနံစိမ်း မည်မျှချက်လုပ်၍၊ ရေနံဆီ၊ ဓါတ်ဆီမည်မျှရရှိသည်ကို ခိုင်ခံ့သော စာရင်းစာအုပ်တွင် ရေနံဝန်က သတ်မှတ်သည့်အတိုင်း မှန်ကန်စွာရေးသွင်းထားရမည်။ ၎င်းစာရင်း စာအုပ်ကို ရေနံဝန်၏ခွင့်ပြုချက် မရရှိဘဲပြုပြင်ပြောင်းလဲခြင်း မပြုရ။

(၉) ရေနံချက်ဖိုမှထွက်သော ဓါတ်ဆီ၊ ရေနံဆီကို ရေနံချက်ဖိုပြင်ပသို့ မထုတ်ယူမီ၊ ရေနံဝန်ရုံး ၌သော်၎င်း၊ ရေနံဝန်မရှိသော ဒေသများ၌ ခရိုင်ဝန်ရုံး၌သော်၎င်း၊ သို့တည်းမဟုတ် မြို့နယ်အရာရှိရုံး၌ သော်၎င်း ကျသင့်သော အကောက်တော်ငွေများကို ကြိုတင်ပေးဆောင်ရမည်။ အခွန်တော်ပေးဆောင်ပြီး သော ပြေစာလက်မှတ်ရရှိမှသာ ထုတ်ယူရောင်းချနိုင်သည်။

(၁၀) ရေနံချက်ဖိုတို့ကို ပေါက်ကွဲစေတတ်သောပစ္စည်းများ အက်ဥပဒေနှင့်ရေနံအက်ဥပဒေများအရ အာဏာလွှဲအက်ခြင်းခံရသောအရာရှိများက စစ်ဆေးနိုင်ခွင့်ရှိသည်။

(၁၁) ရေနံချက်ဖိုများတွင် မတော်တဆပေါက်ကွဲမီးလောင်၍လူများ ဒဏ်ရာရရှိလျှင်သော်၎င်း၊ သေဆုံး ခဲ့လျှင်သော်၎င်း သက်ဆိုင်ရာရုံးများသို့ချက်ခြင်းအစီရင်ခံရမည်။

(၁၂) ရေနံချက်ဖိုတွင် ပေါက်ကွဲမီးလောင်ခြင်းတို့ကို ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံတော်ပေါက်ကွဲ စေတတ်သော ဝတ္ထုပစ္စည်း စစ်ဆေးရေးအရာရှိချုပ်၏ ညွှန်ကြားချက်အတိုင်း မီးသတ်ရန်ကိရိယာ ပစ္စည်းစုံစုံလင်လင်ထားရှိရမည်။

(၁၃) ရေနံချက်ဖိုပိုင်ရှင်တဦးသည် အသိအမှတ်ပြုပြီး ကုမ္ပဏီများမှချက်လုပ်သောဓါတ်ဆီကို၊ သို့တည်း မဟုတ် ရေနံဆီကိုတဆင့်ဆက်သွယ်လက်ခံရောင်းချခြင်း၊ သယ်ယူခြင်း အလျှင်းမပြုရ။

(၁၄) ရေနံချက်ဖိုပိုင်ရှင်တဦးသည်၊ မိမိပိုင်ရေနံချက်ဖိုမှ ချက်လုပ်ရရှိသောဓါတ်ဆီ၊ သို့တည်းမဟုတ် ရေနံဆီကို အသိအမှတ်ပြုပြီး ရေနံကုမ္ပဏီများ၊ သို့တည်းမဟုတ် ၎င်းကုမ္ပဏီများ၏ ကိုယ်စားလှယ်များ သို့၊ ဖြန့်ဖြူးရောင်းချခြင်း အလျှင်းမပြုရ။

အမိန့်အရ၊<br>
ဘာ(လ်)ဝမ့်ဆင်၊<br>
တွဲဘက်အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊<br>
သတ္တုတွင်းဝန်ကြီးဌာန။